# မူရင်းစာရေးသူ၏ မှတ်စု

အနုပညာဆိုတာ လူတိုင်းပိုင်ဆိုင်နိုင်တဲ့ အတွေးတစ်ခုဖြစ်ပါတယ်။ အဲဒါကို ယဉ်ကျေးမှုတိုင်း ဓလေ့တိုင်းမှာ တွေ့နိုင်ပါတယ်။ ရုပ်ဝတ္ထုပိုင်းသိသာတာရှိချင်ရှိမယ်၊ ဒါမှမဟုတ် စိတ်ခံစားမှုမှာ ရှိချင်ရှိမယ်၊ ရသဗေဒ၊ သို့မဟုတ် စိတ်ပညာဆိုင်ရာတွေမှာ ကိုယ်စားပြုချင်ပြုပါမယ်၊ ယဉ်ကျေးမှုတိုင်းရဲ့ကိုယ်ပိုင်အနုပညာဟန်ပန်တစ်ခုဟာ အမြဲရှိနေတာပါပဲ။ ဒီစာအုပ်ကို ပြင်ဆင်တဲ့နေရာမှာ အဲဒီအချက်ကို စိတ်မှာစွဲမြဲနေဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ အနုပညာကျောင်းသားတွေနဲ့သင်ပေးသူဆရာများဟာ အတွေ့ကြုံတွေရှိကြတဲ့ မူလစာဖတ်သူတွေမို့လို့ ဒီစာအုပ်ကိုမဖြစ်မနေလိုအပ်မယ်လို့တော့ မဆိုလိုပါ။ အနုပညာကိုလေ့လာခြင်းဆိုတာ မိမိတို့ကိုယ်တိုင်ကြုံတွေ့ဖူးသမျှတွေနဲ့လဲ သက်ဆိုင်ပါတယ်။ အနုပညာဆိုတာ လူ့ဘဝထဲကနေခွဲထုတ်လို့မရနိုင်၊ မိမိတို့ဘဝမှာ ဘယ်လိုနေထိုင်ရှင်သန်နေသလဲဆိုတဲ့ သဘောတရားအတိုင်းဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ အခုစာအုပ်ဟာ အနုပညာကို ဘဝတစ်ခုနေထိုင်ရှင်သန်ဖို့ကြိုးစားသလို ဂရုတစိုက်လေ့လာဖန်တီးလိုတဲ့သူတိုင်းအတွက် ရည်ရွယ်ထားတာဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်းထောင်ချီကတည်းက လူတွေအနုပညာဖန်တီးခဲ့ကြတယ်၊ ဒါပေမဲ့ အနုပညာကျောင်းတွေဟာ လတ်တလောအခြေအနေတွေကို ပိုဦးစားပေးပါတယ်။ သမားစဉ်အရ ရှေးက ဆရာ့ဆရာတွေနည်းနာအလိုက်သာ လေ့ကျင့်သင်ကြားပေးနိုင်ကြပါတယ်။ ဒီကနေ့ ခေတ်ပြိုင်အနုပညာကျောင်းတွေမှာတော့ လွတ်လပ်ပြီးအတွေးခေါ်ဦးစားပေးလာတဲ့ ပညာရေးစနစ်တွေဖြစ်လာပါပြီ။ မတူညီတဲ့ အတွေ့ကြုံအမျိုးမျိုးတွေကို စုစည်းပြီး ဒီနေ့ခေတ်ရဲ့ အနုပညာကို နားလည်ပုံနဲ့ လူမှုဘဝကိုဆက်စပ်လာပုံတွေကို ဦးတည်လာနေပါပြီ။ အနုပညာဟာ နေရာတိုင်းမှာရှိတယ်၊ ကျွန်တော်တို့ရဲ့မြင်ပုံ၊ အသုံးချပုံနဲ့ ဆန်းစစ်သုံးသပ်ပြီး ပြောင်းလဲနိုင်မှုတွေမှာ မူတည်ပါတယ်။ ဒါဟာအမြဲထပ်ကာတလဲ ဖြစ်ပေါ်တည်ရှိနေမယ့် သဘာဝအပြောင်းအလဲပုံစံတွေပါပဲ၊ အဲဒီအချက်ဟာ အခုစာအုပ်ရဲ့အဓိကအချက်ပါ။ အချို့သောအချက်တွေက ဘယ်လို



လုပ်ရမလဲဆိုတဲ့ နည်းလမ်းတွေကို လမ်းညွှန်ပေးထားတာဖြစ်ပြီး အများစုသောအချက်တွေက ရှာဖွေခြင်း၊ ဆန်းစစ်သုံးသပ်ခြင်းနဲ့ သံသယရှိခြင်း လိုအပ်ချက်တွေကို ညွှန်းပေးထားတာပါ။

သင်ကြားသူဆရာတစ်ဦးအနေနဲ့ ဒီလိုနည်းလမ်းဟာဒီခေတ်ပညာရေးမှာအရေးပါလာတဲ့အချက်တွေလို့ယုံကြည်ပါတယ်။ အနုပညာရှင်တွေဟာသူတို့ရဲ့ဗဟိုဆုံချက်ကနေအခြေခံပြီးအကြောင်းအရာ၊ ရုပ်ပုံသဏ္ဌာန်တစ်ခုခုကို ကွဲပြားတဲ့ရှုထောင့်ကနေ သိနားလည်ကြတဲ့ သဘောရှိပါတယ်၊ တစ်ဦးက သက်ဆိုင်ရာအကြောင်းရာကိုနားလည်ဖို့ကြိုးစားနေချိန်မှာ အခြားတစ်ဦးက ဘယ်လိုဖန်တီးပြုလုပ်ထားလဲဆိုတာကို ပိုရင်းနှီးအောင်လုပ်နေမှာပဲ။ ဒါက အနုပညာသင်ကြားရေးမှာ ကူးယူတုပမှုနည်းလမ်းဟာ အမြဲတမ်းအတွက်လိုအပ်တဲ့နည်းလမ်းတစ်ခုဖြစ်တယ်ဆိုတာပါ။ Artists တွေဟာ ရသဗေဒအမြင်၊ စိတ်ပညာရှုထောင့်၊ နိုင်ငံရေးဆိုင်ရာနဲ့ စိတ်ခံစားမှုတွေအပေါ် အချက်လက်ပိုင်း သူတို့မှတ်မိသိရှိတဲ့အဓိပ္ပာယ်တစ်ခုဆောင်နိုင်တဲ့အပေါ်မှာ ယုံကြည် သက်ဝင်ကြပါတယ်။ ဒီအချက်တွေကို လက်မှုကျွမ်းကျင်ခြင်းနဲ့အတူ ဉာဏ်ပညာပိုင်းနဲ့ စူးစမ်းရှာဖွေခြင်းတွေပူးပေါင်းပြီးလုပ်ကြပါတယ်။ တစ်ခုရှိတာက ပုံသဏ္ဌာန်တစ်ခုရရှိဖို့ အသုံးချလက်နက်ကိရိယာမရှိရင် လေကိုဆန်ခါနဲ့ အုပ်ဖမ်းနေသလိုဖြစ်ပြီး အရာမပေါ်နိုင်ဖြစ်တတ်ပါတယ်။

အခြေခံပုံသဏ္ဌာန်ရေးဆွဲနည်းတွေက အတွေးနဲ့ပုံဖော်မှုအကြားမှာ တံတားသဖွယ် အသုံးကျစေပါတယ်။ လက်ရှိတည်ရှိဆဲအနုပညာတွေဟာ အနုပညာစိတ်ကူးတွေအတွက်အကောင်းဆုံးမှုဝါဒတွေပါပဲ။ အခုစာအုပ်မှာ အဲဒီအနုပညာလက်ရာတွေကို ကိုက်ညီတဲ့အကြောင်းရာအလိုက်ရွေးချယ်ပြီး (မူရင်းစာရေးသူကိုယ်တိုင်) သရုပ်ပြပုံများကို ရွေးချယ်တင်ပြထားပါတယ်။ တချို့ပုံ တွေက ရေးထားတဲ့စာ (သင်ခန်းစာ၊ နည်းလမ်း၊ ရှင်းလင်းချက်)တွေနဲ့ တိုက်ရိုက်သက်ဆိုင်သလို တချို့ဟာ ဆန့်ကျင်ဘက်အဓိပ္ပာယ်ပါ။ ပုံတွေဟာ မူရင်းအနုပညာတွေကို တစ်စိတ်တစ်ပိုင်းကူး



ဆွဲထားတဲ့ ပုံကြမ်းမျှသာဖြစ်ပြီး စိတ်ကူး/အတွေးတစ်ခုကို အခြားသူတွေ ဘယ်လိုစဉ်းစားပြီး ဘယ်လိုအကောင်ထည်ဖော်ခဲ့တယ်ဆိုတာနားလည်သိရှိစေမှာဖြစ်ပါတယ်။ လက်ရာတွေအတွက် မူရင်းအနုပညာရှင်တွေကို အသိမှတ်ပြုလေးစားစွာ ကျေးဇူးတင်ရှိသလို နှိုင်းယှဉ်သုံးသပ်ဖို့ရာ အထောက်ကူကောင်းတွေဖြစ်စေခဲ့လို့ ကျေနပ်ဝမ်းမြောက်မယ်လို့လည်း ယုံကြည်ပါတယ်။

*(မှတ်ချက်-ယခုစာအုပ်တွင် လက်ရာများ၏ ဓာတ်ပုံမူရင်းများကို သုံးထားပါသည်။)*

ပန်းချီကျောင်းသားဘဝမှာ အနုပညာသင်ဆရာတစ်ဦးဖြစ်လာမယ်လို့ စိတ်ကူးမရှိခဲ့ဘဲ အနုပညာ(ပြုလုပ်သူ)ဖန်တီးသူတစ်ဦးဖြစ်ဖို့သာ ရည်မှန်းခဲ့ပါတယ်။ ဒါပေမဲ့ ဗြိတိသျှစာပေနဲ့ပြဇာတ်ရေးဆရာကြီး ဂျော့ခ်ျဘားနက်ရှော ပြောခဲ့သလိုပဲ "လုပ်ပြနိုင်သူက လုပ်တယ်၊ မလုပ်ပြနိုင်သူက သင်ပေးတယ်" ဆိုတဲ့ရပ်တည်ချက်ကို နှလုံးသွင်းပါတယ်။ နှစ် (၂၀)လောက် ကျောင်းသားဘဝအတွေ့ကြုံတွေကနေသိလာတာက အနုပညာဆန်းစစ်ဝေဖန်မှုတွေနဲ့ အဲဒီ ဆွေးနွေးငြင်းခုံမှုတွေဟာ အနုပညာမိတ် ဆွေစကားဝိုင်းတွေနဲ့အတူ ပိုပိုပြီး စိတ်အားထက်သန်စရာဖြစ်လာခဲ့တယ်၊ သို့ပေမဲ့ အခြေခံအစကနဦးအဆင့်တွေကိုပြန်ကြည့်ဖို့နဲ့ လုပ်ခဲ့သမျှတွေကိုပြန်လည်ဆန်းစစ် အဖြေရှာကြည့်ဖို့တွေက နေရာတိုင်း လိုအပ်နေဆဲပဲဆိုတာ တွေ့ရပါတယ်။

အမြင်သစ်တစ်စုံတစ်ခုကိုရှာဖို့ဆိုတာ အလှည့်အပြောင်းတိုင်းမှာ ပိုမိုခက်ခဲ၊ ပိုမိုအလှမ်းကွာဝေးစေနိုင်ပေမဲ့ ဒီလိုဆွေးနွေးအဖြေရှာခြင်းတွေက ဘယ်တော့မှ ရပ်တန့်သွားမှာ မဟုတ်ပါ။ ဒီလို အနုပညာကျောင်းသားဘဝအတွေ့ကြုံတွေဟာ ဘဝတစ်သက်တာ သင်ခန်းစာတွေလည်း ဖြစ်လို့ အမြဲတမ်းစွဲမြဲနေသင့်တယ်၊ ဒီလိုအတွေ့ကြုံတွေမပါဘဲ ကျွန်တော်တို့တွေ ဘဝရဲ့ကျောင်းသား ဘယ်ဖြစ်တော့မလဲ။

ကစ်ဝိုက်

မတ်လ ၂၀၁၁